**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

**နေပြည်တော်**

ဖုန်း- ၀၆၇ ၃၄၃၀၅၃၄၈၊ ၀၆၇ ၃၄၃၀၁၉၀၊ အီးမေးလ် - mfi@frd.gov.mm

စာအမှတ်၊ ငကစ/ကက-၆( ၂၅ /၂၀၁၉)

ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဇွန်လ ၂၅ ရက်

အကြောင်းအရာ။ **အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ညွှန်ကြားချက် အမှတ် (၁/၂၀၁၉) နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်နည်းလမ်းများ သတ်မှတ်ပေးပို့ခြင်း**

ရည်ညွှန်းချက်။ (၅-၆-၂၀၁၉) ရက်နေ့တွင် ထုတ်ပြန်သော အသေးစားငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ ညွှန်ကြားချက်အမှတ် (၁/၂၀၁၉)

၁။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ညွှန်ကြားချက် အမှတ် (၁/၂၀၁၉) နှင့် စပ်လျဉ်း၍ အောက်ပါနည်းလမ်းများ အတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **ချေးငွေအပေါ်ကောက်ခံရမည့်အတိုးနှုန်း။** ကျပ် (၁၀၀) အတွက် (၁) နှစ်လျှင် (၂၈) ကျပ် (သို့မဟုတ်) (၂၈ ) ရာခိုင်နှုန်းထက် မပိုရန်ဖြစ်ပြီး ချေးငွေအပေါ် အတိုးနှုန်း တွက်ချက်ရာတွင်လည်း သက်ရောက်အတိုးနှုန်း (Effective Rate) ဖြင့် တွက်ချက် ကောက်ခံရမည်။

(ခ ) **မဖြစ်မနေစုဆောင်းငွေအပေါ်ပေးရမည့်အတိုးနှုန်း။** ကျပ် (၁၀၀) အတွက် (၁) နှစ် လျှင် (၁၄) ကျပ် (သို့မဟုတ်) (၁၄) ရာခိုင်နှုန်းထက်မနည်းပေးရမည်။

(ဂ) **ဆန္ဒအလျောက်စုဆောင်းငွေအပေါ်ပေးရမည့်အတိုးနှုန်း။** (၁) နှစ်လျှင် (၁၀) ကျပ် (သို့မဟုတ်) (၁၀) ရာခိုင်နှုန်းထက်မနည်းပေးရမည်။

(ဃ) Social Welfare Fund အား သီးခြားရန်ပုံငွေအဖြစ် ထားရှိရန်နှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ညွှန်ကြားချက်အမှတ် (၁/၂၀၁၉) အပိုဒ် (၃) တွင် ခွင့်ပြုထားသည့် အခြားကောက်ခံသော အခကြေးငွေ ၂% အနက် ၀.၅% အား Social Welfare Fund အဖြစ် သတ်မှတ်ထားရှိရမည်။ Social Welfare Fund အား အသင်းသားများ၏ သက်သာချောင်ချိရေးနှင့် လူမှုဖူလုံရေးကိစ္စရပ်များ အတွက်သာ အသုံးပြုရမည်။

၂။ ကျေးလက်/မြို့ပြဝန်ဆောင်မှုစရိတ် ခွဲခြားသတ်မှတ်ရေးနှင့်ပတ်သက်၍ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ကျေးလက်/မြို့ပြ အသင်းသားဦးရေ ခွဲခြားဆောင်ရွက်နိုင်သည့် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Management Information System) ကောင်းမွန်မှုပေါ်

မှုတည်၍ ညှိနှိုင်းသတ်မှတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၃။ ချေးငွေအရွယ်အစား (Loan Size) အပေါ်မူတည်၍ ဝန်ဆောင်မှုစရိတ် ကောက်ခံခြင်းကို ဈေးကွက်တွင် ဖြစ်ပေါ်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ထုတ်ချေးသည့် တစ်ဦးချင်းချေးငွေအရွယ်အစား (Individual Loan Size)၊ စုစုပေါင်းချေးငွေပမာဏ (Total Loan Amount) တွင် တစ်ဦးချင်းချေးငွေပမာဏ (Individual Loan Amount) ပါဝင်မှုအချိုး (The Ratio of the Amount of Individual Loans to Total Loan Amount) အပေါ်မူတည်၍ ခွဲခြားသတ်မှတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၄။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ညွှန်ကြားချက်အမှတ် (၁/၂၀၁၉) ဖြင့် လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားသည့် ၂၀၁၉ ခုနှစ် ဇွန်လ ၁ ရက်နေ့အား အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ သတင်းအချက်အလက်စနစ်တွင် ပြင်ဆင်ရန် လိုအပ်သည့်အတွက် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

(ဇော်နိုင်)

ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံများအားလုံး

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

မိတ္တူကို

ရုံးလက်ခံ/မျှောစာ